## 5-4 နေထိုင်ခွင့်ကတ်ပြားပြန်လည်အပ်နှံခြင်း

နေထိုင်ခွင့်ကတ်ပြား ပျက်ပြယ်သည့်အခါ အမြန်ဆုံး တရားရေးဝန်ကြီးထံ အပ်နှံရမည်။
နေထိုင်ခွင့်ကတ်ပြားဟုယူဆခြင်းခံထားသော နိုင်ငံခြားသားမှတ်ပုံတင်လည်း အလားတူ အပ်နှံရမည်။
နေထိုင်ခွင့်ကတ်ပြား ပျက်ပြယ်သည့်အခြေအနေနှင့် သက်တမ်းသည် အောက်ပါအတိုင်းဖြစ်သည်။
သတ်မှတ်သည့်ကာလအတွင်း ပြန်အပ်နှံခြင်းမရှိပါက ငွေဒဏ်ခတ်ခြင်းခံနိုင်သည်။

- ကာလရှည်၊ကာလလတ်နေထိုင်သူမဖြစ်သည့်အခါ…၁၄ရက်အတွင်း တရားရေးဝန်ကြီးထံသို့
- သက်တမ်းကုန်ဆုံးသည့်အခါ…၁၄ရက်အတွင်း တရားရေးဝန်ကြီးထံသို့
- နေထိုင်ခွင့်ကတ်ပြားအသစ်လက်ခံသည့်အခါ…ချက်ချင်း တရားရေးဝန်ကြီးထံသို့
- ပြန်လည်ပြည်ဝင်ခွင့်(ပြန်လည်ပြည်ဝင်ခွင့်ဟုယူဆခြင်းပါဝင်)မရရှိဘဲဂျပန်နိုင်ငံမှထွက်ခွါသွားသည့်အခါ…ချက်ချင်း တရားရေးဝန်ကြီးထံသို့
- ပြန်လည်ပြည်ဝင်ခွင့်သက်တမ်းအတွင်းပြန်ပြည်ဝင်ခြင်းမရှိသည့်အခါ…၁၄ရက်အတွင်း တရားရေးဝန်ကြီးထံသို့
- ထပ်မံထုတ်ယူရန်လျှောက်ထားပြီး နေထိုင်ခွင့်ကတ်ပြားအသစ်လက်ခံပြီးနောက် ပျက်ပြယ်သွားသည့်ကတ်ပြားအဟောင်းတွေ့ရှိသည့်အခါ…
  တွေ့ရှိသည့်နေ့မှ ၁၄ရက်အတွင်း တရားရေးဝန်ကြီးထံသို့
- သေဆုံးသည့်အခါ…
  အတူနေထိုင်သည့် မိသားစုဝင်၊အတူနေထိုင်သူသည် သေဆုံးသည့်နေ့(သေဆုံးပြီး နေထိုင်ခွင့်ကတ်ပြားကို တွေ့ရှိသည့်နေ့)မှ ၁၄ရက်အတွင်း တရားရေးဝန်ကြီးထံသို့

တရားရေးဝန်ကြီးထံသို့ ပြန်အပ်နှံရန် ကတ်ပြားကို ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးသို့ယူဆောင်လာပါ။ သို့မဟုတ် အောက်ပါလိပ်စာသို့ စာတိုက်မှ တစ်ဆင့် ပေးပို့ပါ။

(လိပ်စာ)　※စာအိတ်ပေါ်တွင်「在留(ざいりゅう)カード返納(へんのう)」ဟုရေးပါ။

〒135-0064
東京都江東区青海(とうきょうとこうとうくあおみ)2-7-11　東京港湾合同庁舎(とうきょうこうわんごうどうちょうしゃ)9階(かい)
東京入国管理局(とうきょうにゅうこくかんりきょく)おだいば分室(ぶんしつ)
電話(でんわ) 03-3599-1068

〒135-0064
Tokyo-To Koto-Ku Aomi 2-7-11
Tokyo Kowan Government Offices 9F
Tokyo Regional Immigaration Bureau, Odaiba Branch Office
TEL 03-3599-1068